


VOLUME I, ISSUE 48 18 May 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ် | ၁ |
| ၂ | ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်ထံမှပေးအပ်သည့် ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ တစ်သိန်း ချီးမြှင့် | ၃ |
| ၃ | စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး | ၄ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၅ |
| ၅ | ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် | ၇ |
| ၆ | တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြား | ၉ |
| ၇ | တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း | ၁၂ |
| ၈ | ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည် | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉ | ဖယ်ခုံမြို့နယ်ရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား<br>PDF အကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီး | ၁၄ |
| ၁၀ | လားရှိုးမြို့၌ TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံနေသူတစ်ဦးနှင့်<br>၎င်းနှင့်ပတ်သက်ဆက်နွယ်သူတစ်ဦးတို့အား ဖမ်းဆီးရမိ | ၁၅ |
| ၁၁ | မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ်(မက်သ်အဖက်တမင်း)များ<br>ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိ | ၁၆ |
| ၁၂ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့်<br>မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အမိန့်ချမှတ် | ၁၈ |
| ၁၃ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏<br>လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊<br>အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား<br>ဆက်လက်ဖော်ထုတ်အရေးယူ | ၁၉ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို မေလ ၁၆ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ကြိုဆိုထောက်ခံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗဟိုကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် နေပြည်တော် (၈) မြို့နယ်မှ ပြည်သူစုစုပေါင်း အင်အား ၇,၀၀၀ ဦးခန့် တက်ရောက်ကြပြီး ငြိမ်းချမ်းရေးသည် ဒီမိုကရေစီအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်၊ ငြိမ်းချမ်းမှတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအစစ်အမှန်များဖြစ်သည် ဟူသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့ကြပါသည်။

ကြိုဆိုထောက်ခံပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများက "ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ်ဆန့်ကျင်တိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေး ပျက်ပြားအောင် ဖျက်ဆီးနေသူများကျဆုံးရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်ရမည်" ဟု ကြွေးကြော်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ပြည်သူများက ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများအား ဆန့်ကျင်ရှုတ်ချပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့။**
- **ကြိုဆိုထောက်ခံပွဲတွင် ပြည်သူစုစုပေါင်း အင်အား ၇၀၀၀ ဦးခန့်က "ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ပြည်ပစွက်ဖက်မှုအန္တရာယ်ဆန့်ကျင်တိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးပျက်ပြားအောင် ဖျက်ဆီးနေသူများကျဆုံးရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကြီး အောင်ရမည်" ဟု ကြွေးကြော်ခဲ့ကြ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ဖိတ်ခေါ်မှုကို ကြိုဆိုထောက်ခံခြင်းနှင့် ပြည်ပစွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပွဲပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ











# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်ထံမှပေးအပ်သည့် ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာတစ်သိန်းချီးမြှင့်




အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား မေလ ၁၆ ရက်တွင် သွားရောက်တွေ့ဆုံခဲ့ပြီး နိုင်ငံတော်မှချီးမြှင့်ငွေ အမေရိကန်ဒေါ်လာတစ်သိန်းကို ပေးအပ်ချီးမြှင့်ကာ အားပေးစကားများပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်နိုင်မှုရရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများအား ထိုက်ထိုက်တန်တန်ဂုဏ်ပြုဆု ချီးမြှင့်လျက်ရှိရာ အားကစားသမားတစ်ဦးချင်းအတွက် ရွှေတံဆိပ်တစ်ဆုလျှင် သိန်း ၃၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် သိန်း ၂၀၀၊ ကြေးတံဆိပ် တစ်ဆုလျှင် သိန်း ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများအတွက် ရွှေတံဆိပ်ဆုရလျှင် သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရလျှင် သိန်း ၇၀၊ ကြေးတံဆိပ်ဆုရလျှင် ၃၅ သိန်း၊ ဆုရအားကစားနည်းမှ နည်းပြတစ်ဦးချင်းအတွက် ရွှေတံဆိပ်ဆုရလျှင် သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရလျှင် သိန်း ၅၀၊ ကြေးတံဆိပ်ဆုရလျှင် သိန်း ၃၀၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရလျှင် သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရလျှင် သိန်း ၅၀၊ ကြေးတံဆိပ်ဆုရလျှင် သိန်း ၃၀ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အစွမ်းကုန်ကြိုးစားနေကြသော ပြိုင်ပွဲဝင်အားကစားသမားများကို ဆုတံဆိပ်ရရှိသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်မှ ပြိုင်ပွဲကွင်းအတွင်း၌ပင် တစ်ဦးချင်းပြိုင်ပွဲ ရွှေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃,၀၀၀၊ ငွေတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၂,၀၀၀၊ ကြေးတံဆိပ်တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၁,၀၀၀၊ ငွေတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၇၅၀၊ ကြေးတံဆိပ်ဆုရရှိပါက တစ်ဦးချင်းစီ အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား နိုင်ငံတော်မှချီးမြှင့်ငွေ အမေရိကန်ဒေါ်လာတစ်သိန်းကို ပေးအပ်ချီးမြှင့်ခဲ့။**

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Myancopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မေလ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)သို့ သွားရောက်၍ Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ရာ-

- ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဦးတည်အုပ်စုဝင်များအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖြည့်သွင်းထုတ်လုပ်နေသည့်လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Bulk များ အချိန်မီရောက်ရှိစေရေး ကြိုတင်ညှိနှိုင်းထားရန်လိုကြောင်း။
- Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် (၅) နှစ်အရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကိုပါ ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်သည့် ကာကွယ်ဆေးဖြစ်ကြောင်း။
- အဆိုပါဆေးကို အသက် (၁၈) နှစ်နှင့်အထက် ပြည်သူများကိုလည်း ထပ်ဆောင်းကာကွယ်ဆေးအဖြစ် ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်မည်ဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို လိုအပ်သည့်အချိန်တွင် ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက် ဝန်ထမ်းများနှင့် တာဝန်ရှိသူအားလုံးကို အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားခဲ့။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက Myancopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပုလင်းသွင်း ဖြည့်တင်းထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီးသည့် ကာကွယ်ဆေးများအား ဖြန့်ဖြူးရောင်းချနေမှုနှင့် ကာကွယ်ဆေးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးနေမှု

- **စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် မေလ ၁၇ ရက်တွင် Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **Myancopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အသက် (၅) နှစ်အရွယ်မှ စတင်ထိုးနှံနိုင်ပြီး ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအပါ အသက် (၁၈) နှစ်နှင့်အထက် ပြည်သူများကိုလည်း ဘေးကင်းစိတ်ချစွာ ထိုးနှံနိုင်သည့် ကာကွယ်ဆေးဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် မေလ ၁၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၁ ဒသမ ၁၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၄ ဒသမ ၆၈ သန်းနှင့် ပထမ အကြိမ် ထိုးနှံပြီးစီးသူ ၆ ဒသမ ၄၄ သန်းရှိကာ မြန်မာနိုင်ငံ တွင် ကိုဗစ်-၁၉ ရောဂါ ကာ ကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၅၇ ဒသမ ၆၃ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၈၁၆,၄၂၁ ဦးရှိ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား များကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေး လျက်ရှိရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၇-၅-၂၀၂၂ ရက်အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသ ကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်တို့မှတစ်ဆင့် ၈၂,၀၃၇ ဦးပြန်လည်ဝင်ရောက်လာခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ မေလ ၁၇ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၀၈၇ ခု အားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၄ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၃ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၇-၅-၂၀၂၂ ရက် အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၁၀၀,၅၆၈ ခု အားစစ်ဆေးခဲ့ ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၃,၁၆၈ ဦးနှင့် သေဆုံးသူစုစု ပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ဆက်လက်ထိုးနှံပေးနေသည့် မှတ်တမ်းဓာတ်ပုံများ



မောင်တောမြို့နယ်



တောင်ငူမြို့နယ်



လှည်းကူးမြို့နယ်



မော်လမြိုင်မြို့နယ်

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မေလ ၁၇ ရက်အထိ လူဦးရေစုစုပေါင်း ၃၁ ဒသမ ၁၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၄ ဒသမ ၆၈ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၆ ဒသမ ၄၄ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၅၇ ဒသမ ၆၃ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ မေလ ၁၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၁,၈၀၆,၄၂၁ ဦးရှိ။
- ၁၇-၅-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၈,၁၀၀,၅၆၈ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၃,၁၆၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၁၇-၅-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၃ ရာခိုင်နှုန်းရှိ။

# ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် မေလ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၆၄၀ ဦး၊ ခွဲစိတ်ရောဂါ ၂၃၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂၂ ဦး၊ ကလေးရောဂါ ၁၈၄ ဦး၊ အရိုးရောဂါ ၁၉၃ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၂၀၀ ဦး၊ မျက်စိရောဂါ ၂၀၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၀၆ ဦး၊ စုစုပေါင်း ဒေသခံပြည်သူ ၂,၀၈၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ မျက်စိခွဲစိတ်လူနာ ၄၄ ဦး၊ သွားခွဲစိတ်လူနာ ၈၇ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၆၀ ဦးကို ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့ပြီး ဓာတ်မှန်ရိုက် လူနာ ၁၆၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇၀ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀၉ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**

- **တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)သည် မေလ ၁၄ ၊ ၁၆ နှင့် ၁၇ ရက်တို့တွင် ကျွန်းစုမြို့နယ်ရှိ ဒေသခံပြည်သူ ၂,၀၈၄ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့။**

## ကျွန်းစုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား  ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ












# တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြား



**ပညာရေးဒီဂရီကောလိပ်(တောင်ငူ)**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်မှစတင်၍ ပုံမှန်ပညာသင်နှစ်ဝက်ကာလအတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပုံမှန်စာသင်ချိန်အတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိပါသည်။

တက္ကသိုလ်နှင့် ကောလိပ်များ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားရှိခြင်း၊ ကျောင်းများအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုနှင့် လုံခြုံရေးအဖွဲ့များပူးပေါင်း၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**

- **တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကယားပြည်နယ်ရှိ လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့၌ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသား၊ သင်တန်းသူများ အေးချမ်းပျော်ရွှင်စွာ စာတွေ့၊ လက်တွေ့ ပညာသင်ယူလျက်ရှိ။**

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြားနေသည့် မှတ်တမ်းဓာတ်ပုံများ



သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)



နိုင်ငံခြားဘာသာစကားတက္ကသိုလ်(ရန်ကုန်)



ပညာရေးဒီဂရီကောလိပ်(လားရှိုး)



တောင်ငူတက္ကသိုလ်



ဆေးတက္ကသိုလ်(တောင်ကြီး)



တောင်ကြီးတက္ကသိုလ်

## တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် ကောလိပ်များကို ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်ဖွင့်လှစ်သင်ကြားနေသည့် မှတ်တမ်းဓာတ်ပုံများ




တောင်ကုတ်တက္ကသိုလ်



လှိုင်ကော်တက္ကသိုလ်



ပုသိမ်ပညာရေးဒီဂရီကောလိပ်



ဟသ်ာတတက္ကသိုလ်



ကွန်ပျူတာတက္ကသိုလ်(ပဲခူး)



နည်းပညာတက္ကသိုလ်(ရန်ကုန်)

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ၊ ဆရာမများအနေဖြင့် ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ သဘောဆန္ဒအလျောက် သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ကြောင်းနှင့် တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က မေလ ၁၆ ရက်တွင် အသိပေးကြေညာခဲ့ပါသည်။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကိုလည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင်အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝှမ်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာ သင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝ သောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ဆရာမများလိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ဆရာမ များ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာခံဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသော ဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ်သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**

- မြို့နယ်ပြောင်းလဲဆောင်ရွက်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ၊ ဆရာမများအနေဖြင့် ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ သဘောဆန္ဒအလျောက် သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်။
- တာဝန်ပျက်ကွက်ခဲ့သည့် ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်ပေးသွားမည်ဖြစ်။
- တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ – ၅ – ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန်။

## ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်

ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အခြေခံပညာဦးစီးဌာနရှိ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများ ညှိနှိုင်းအစည်းအဝေးကို မေလ ၁၆ ရက်တွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့်အတူ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက–

- ၂၀၂၂–၂၀၂၃ ပညာသင်နှစ်ကို ဇွန် ၂ ရက်တွင် စတင်တော့မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။
- တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးလုပ်ငန်းများဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- အခြေခံပညာကျောင်းများ ဖွင့်လှစ်ချိန်တွင်လည်း ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျောင်းအပ်နှံရေးလုပ်ငန်းများ အခက်အခဲမရှိအောင်၊ ပြဿနာမရှိအောင် ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကျောင်းအပ်နှံရေးနေ့တွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ အခမဲ့ပေးဝေသွားမည်ဖြစ်ပြီး ကျောင်းဝတ်စုံများကိုလည်း ကျောင်းဖွင့်ချိန်အတွင်း ပေးဝေသွားမည်ဖြစ်ကြောင်း၊ ကျောင်းသုံးစာရေးကိရိယာများ၊ ဖတ်စာအုပ်များကို အနှောင့်အယှက်၊ အဖျက်အဆီး၊ ပျက်စီးဆုံးရှုံးမှုများမရှိအောင် စနစ်တကျစီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်သည့် သတင်းမှား၊ သတင်းတုများ ပေါ်ပေါက်လာသည့်အခါ သတင်းအမှန်များကို ကျောင်းသားမိဘများ သိရှိအောင် စိတ်ရှည်စွာ ရှင်းပြကြစေလိုကြောင်းပြောကြားခဲ့ပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုပညာသင်နှစ်၌ KG+11 အထိ စနစ်သစ်သင်ရိုးဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ယမန်နှစ်က အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းသင်ရိုး Grade–6 မတက်ရသေးသူများအတွက် Grade–6 သင်ရိုးဟောင်းကိုလည်း ပြန်လည်သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းနှင့် ကျောင်းဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇–၅–၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ပညာသင်နှစ်ကို ဇွန် ၂ ရက်တွင် စတင်တော့မည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံရာတွင် မည်သည့်ငွေကြေးမျှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်။**

- **တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်။**

- **ကျောင်းအပ်နှံရေးနေ့တွင် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ အခမဲ့ပေးဝေသွားမည်ဖြစ်ပြီး ကျောင်းဝတ်စုံများကိုလည်း ကျောင်းဖွင့်ချိန်အတွင်း ပေးဝေသွားမည်ဖြစ်။**

- **ပညာရေးနှင့်ပတ်သက်သည့် သတင်းမှား၊ သတင်းတုများ ပေါ်ပေါက်လာသည့်အခါ သတင်းအမှန်များကို ကျောင်းသားမိဘများ သိရှိအောင် စိတ်ရှည်စွာ ရှင်းပြကြစေလို။**

- **ယခုပညာသင်နှစ်၌ KG+11 အထိ စနစ်သစ်သင်ရိုးဖြင့် သင်ကြားပေးမည်ဖြစ်ပြီး ယမန်နှစ်က အကြောင်းအမျိုးမျိုးကြောင့် စနစ်ဟောင်းသင်ရိုး Grade-6 မတက်ရသေးသူများအတွက် Grade-6 သင်ရိုးဟောင်းကိုလည်း ပြန်လည်သင်ကြားပေးရမည်ဖြစ်။**

## ဖယ်ခုံမြို့နယ်ရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား PDF အကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ဖျက်ဆီး

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်အတွက် အချို့ဒေသများတွင် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသည့် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။

မေလ ၁၆ ရက်တွင် PDF အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအကြမ်းဖက်သမားများသည် ကျေးရွာအတွင်း အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား လိုက်လံမီးရှို့ဖျက်ဆီးနေသည်ကို တွေ့ရှိရသည့်အတွက် အကြမ်းဖက်သမားများအား လိုက်လံဖမ်းဆီးခဲ့ရာ အဆိုပါအကြမ်းဖက်သမားများသည် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

PDF အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားစဉ် ကျေးရွာများအတွင်း ပြည်သူလူထုနှင့် နေအိမ်များအား အကာအကွယ်အဖြစ် အသုံးချပြီး ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာအတွင်းမီးရှို့ဖျက်ဆီးခဲ့သည့် အလားတူဖြစ်စဉ်မျိုး ၃၁ ကြိမ်၊ ဒလန်ဟုစွပ်စွဲ၍ မီးရှို့ခဲ့မှု ၂၁ ကြိမ်၊ တပ်ထောက်ခံဟုစွပ်စွဲ၍ မီးရှို့ခဲ့မှု ၁၃ ကြိမ်နှင့် ပျူစောထီးဟုစွပ်စွဲ၍ မီးရှို့ခဲ့မှု ၁၇ ကြိမ်စသဖြင့် အကြောင်းမဲ့မီးရှို့မှုဖြစ်စဉ်စုစုပေါင်း ၈၂ ကြိမ် ပြုလုပ်ခဲ့ပြီး အဆိုပါမီးရှို့ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင်ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီယာများမှ ထုတ်လွှင့်လျက်ရှိကြောင်း သိရှိရပါသည်။

အထက်ပါဖြစ်စဉ်အား ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**

- PDF အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ ဆောင်နန်းခဲကျေးရွာရှိ အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့။
- အလားတူ အကြောင်းမဲ့ မီးရှို့မှုဖြစ်စဉ် စုစုပေါင်း ၈၂ ကြိမ် ပြုလုပ်ခဲ့ပြီး အဆိုပါမီးရှို့ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင်ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီယာများမှ ထုတ်လွှင့်လျက်ရှိ။

## လားရှိုးမြို့၌ TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံနေသူတစ်ဦးနှင့် ၎င်းနှင့်ပတ်သက်ဆက်နွယ်သူတစ်ဦးတို့အား ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ စိုင်းဆာအောင်သည် TNLA အဖွဲ့ အမည်ခံ၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ခြိမ်းခြောက်ကာ ဆက်ကြေးငွေများ ကောက်ခံနေကြောင်း သိရှိရသဖြင့် မေလ ၁၆ ရက်တွင် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လားရှိုးမြို့၊ အမှတ်(၁၀)ရပ်ကွက်ရှိ "သူ့ထက်ဦး" အမျိုးသားဘော်ဒါဆောင်အား ဝင်ရောက်ရှာဖွေခဲ့ရာ စိုင်းဆာအောင်အား ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

စိုင်းဆာအောင်၏ ထွက်ဆိုချက်အရ ဆက်ကြေးကောက်ခံခြင်းလုပ်ငန်းအား အဓိကလုပ်ဆောင်သူ TNLA သောင်းကျန်းသူအဖွဲ့မှ တပ်စုမှူးအဆင့်ရှိ အောင်ကျော်မိုးအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ လားရှိုးမြို့ရှိ Royal Ground Hotel တွင် ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

ဖမ်းဆီးရမိ တရားခံ ၂ ဦးသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်အထိ TNLA အဖွဲ့အမည်ခံ၍ လားရှိုး၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီးမြို့များရှိ စက်သုံးဆီအရောင်းဆိုင်၊ အထည်ဆိုင်၊ ကား/ ဆိုင်ကယ် အရောင်းဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ ကုန်စုံဆိုင်၊ ဟိုတယ်လုပ်ငန်းရှင်များထံသို့ ဖုန်းဖြင့် ၂၅ ကြိမ်ခန့် ဆက်သွယ်ကာ စုစုပေါင်း ဆက်ကြေးငွေ ၂၁,၉၅၀,၀၀၀ ကျပ် ကောက်ခံခဲ့ကြောင်းနှင့် ၎င်းတို့ ၂ ဦးအား တရားဥပဒေအရ လိုအပ်သလို အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**



**တရားခံ အောင်ကျော်မိုး**



**တရားခံ စိုင်းဆာအောင်**

- **လားရှိုးမြို့၌ TNLA အဖွဲ့အမည်ခံ၍ ဆက်ကြေးကောက်ခံနေသူတစ်ဦးနှင့် ၎င်းနှင့်ပတ်သက်ဆက်နွယ်သူတစ်ဦးတို့အား တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ဖမ်းဆီးရမိခဲ့။**

- **ဖမ်းဆီးရမိ တရားခံများသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်အထိ TNLA အဖွဲ့ အမည်ခံ၍ လားရှိုး၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီးမြို့များရှိ စက်သုံးဆီအရောင်းဆိုင်၊ အထည်ဆိုင်၊ ကား/ ဆိုင်ကယ် အရောင်းဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ ကုန်စုံဆိုင်၊ ဟိုတယ်လုပ်ငန်းရှင်များထံသို့ ဖုန်းဖြင့် ၂၅ ကြိမ်ခန့် ဆက်သွယ်ကာ စုစုပေါင်း ဆက်ကြေးငွေ ၂၁,၉၅၀,၀၀၀ ကျပ် ကောက်ခံခဲ့။**

# မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် အိုက်စ်(မက်သ်အဖက်တမင်း)များ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိ



**မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံများ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၄ ရက်တွင် ယာဉ်မောင်း ဝင်းလှိုင် (ခ) ဦးချယ်နှင့် လုပ်ဖော်ကိုင်ဖက်တို့အား မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ဒေသကာလတန်ဖိုးငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၅၁ ကီလိုတင်ဆောင်ထားသည့် TOYOTA WISH မော်တော်ယာဉ်နှင့်အတူ မြောက်ဥက္ကလာပမြို့နယ်၌ ဖမ်းဆီးရမိခဲ့ပါသည်။

၎င်းတရားခံများအား စစ်ဆေးဖော်ထုတ်ချက်များအရ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်ခဲ့ကြသည့် တရားခံ ၁၂ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိ တရားခံ ၁၄ ဦးနှင့် ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေး ၄ ဦး၊ စုစုပေါင်းတရားခံ ၁၈ ဦးတို့အား တာဝန်ရှိသူများက ဥပဒေနှင့်အညီ အရေးယူထားရှိပြီးဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ရေကြောင်းလမ်းအသုံးပြု၍ မလေးရှားနိုင်ငံ ရေပိုင်နက်သို့ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ၎င်းတို့၏ မူးယစ်ဆေးဝါးရောင်းဝယ်လုပ်ကိုင်ရာမှရရှိသည့် အကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများ စိစစ်ဖော်ထုတ်၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ မလေးရှားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့(NADA)တို့နှင့်ပူးပေါင်း၍ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိတရားခံများအနက် ထိုင်းနိုင်ငံသား စိုင်းရှန်ဖ(ခ)ဘောန်(ခ) Mr. Piayapong Khammongkhon သည် ထိုင်းနိုင်ငံတွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုတို့ဖြင့် အလိုရှိ တရားခံပြေး ၁ ဦးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**



ရန်ကုန်မှ မလေးရှားနိုင်ငံရေပိုင်နက်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်မည့် စက်လှေ




ရန်ကုန်မှ မလေးရှားနိုင်ငံရေပိုင်နက်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ လမ်းကြောင်းပြမြေပုံ

- မလေးရှားနိုင်ငံသို့ပို့ဆောင်မည့် ဒေသကာလ တန်ဖိုးငွေကျပ် ၆ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၂၅၁ ကီလိုကို မြောက်ဥက္ကလာပမြို့နယ်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့။

- အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် စုစုပေါင်းတရားခံ ၁၈ ဦးကို ဥပဒေနှင့်အညီ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)၊ မလေးရှားနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့ (NADA)တို့နှင့်ပူးပေါင်း၍ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဖမ်းဆီးရမိတရားခံများအနက် ထိုင်းနိုင်ငံသား စိုင်းရှန်ဖ (ခ) ဘောန် (ခ) Mr. Piaya-pong Khammongkhon သည် ထိုင်းနိုင်ငံတွင် လူသတ်မှု၊ မူးယစ်ဆေးဝါးမှုတို့ဖြင့် အလိုရှိတရားခံပြေး ၁ ဦးဖြစ်။



တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်ရှိ ထိုင်းနိုင်ငံသားတရားခံ စိုင်းရှန်ဖ(ခ)ဘောန်(ခ)Mr. Piayapong Khammongkhon ပိုင်ဆိုင်သည့်နေအိမ်



ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီးမြို့နယ်၊ ဝမ်ဟိုင်းမှ ရန်ကုန်သို့ အိုက်စ်(မက်သ်အဖက်တမင်း)များ သယ်ဆောင်လာသည့် မော်တော်ယာဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံအပေါ် အမိန့်ချမှတ်

မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများ ရယူသုံးစွဲခဲ့မှုများအပေါ် ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာမှ တွေ့ရှိချက်များအရ-

- ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်လျက် ၂၀၁၈ ခုနှစ်မှစတင်၍ သံလွင်မြစ်အတွင်း သဲများစုပ်ယူထုတ်လုပ်ခဲ့ရာတွင် လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် သိန်း ၅,၆၇၀ ကျော်ကို လက်ခံရယူခဲ့ခြင်း။
- သဲသောင်တူးဖော်ရေးလုပ်ငန်းတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည့် ခါတ်သတ္တုခွန်အား လုပ်ပိုင်ခွင့်မရှိဘဲ လျှော့နည်းပေးသွင်းရန် ခွင့်ပြုခဲ့ခြင်းကြောင့် နိုင်ငံတော်မှရရှိမည့် ဘဏ္ဍာငွေကျပ်သိန်း ၁,၃၂၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း။
- ကိုဗစ်-၁၉ ရန်ပုံငွေများမှ ငွေကျပ် သိန်း ၈၅၀ ကို ပုဂ္ဂိုလ်ရေးအရ အခြားသူများသို့ ခေတ္တထုတ်ပေးခဲ့ပြီး ပြန်လည်ပေးဆပ်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှုကို နစ်နာဆုံးရှုံးစေခဲ့ခြင်း။

အဆိုပါအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ အေးဇံအား မွန်ပြည်နယ်တရားလွှတ်

တော်က ၂၀၂၂ ခုနှစ်၊ မေလ ၁၆ ရက်တွင် ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၉/၂၀၂၁ တို့ဖြင့် ဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၅ အရ ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၅-၂၀၂၂)**

- **မွန်ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာအေးဇံသည် ရာထူးနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခဲ့ကြောင်း ပြစ်မှုထင်ရှားသဖြင့် ၎င်းအား ဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ထောင်ဒဏ် ၂၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- မေလ ၁၁ ရက်မှ မေလ ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၅ ဦး၊ ရှမ်းပြည်နယ်၌ ၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၇ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၆ ဦး၊ ချင်းပြည်နယ်၌ ၁ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး၌ ၄ ဦး စုစုပေါင်း ၄၀ ဦး တို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ မေလ ၁၇ ရက်ထိ စုစုပေါင်း ၄၃၀ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၅-၂၀၂၂)**

- **မေလ ၁၁ ရက်မှ မေလ ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၅ ဦး၊ ရှမ်းပြည်နယ်၌ ၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၇ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၆ ဦး၊ ချင်းပြည်နယ်၌ ၁ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦးနှင့် တနင်္သာရီတိုင်းဒေသကြီး၌ ၄ ဦး စုစု ပေါင်း ၄၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ မေလ ၁၇ ရက်ထိ စုစုပေါင်း ၄၃၀ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**